လန်မဲပူးပေါင်းဆောင်ရွက်မှု

# မြန်မာမီဒီယံများ လန်မဲပူးပေါင်းဆောင်ရွက်မှုကြောင့် လန်မဲနိုင်ငံများအကြား ကံကြမ္မာတူအသိုင်းအဝိုင်းကို ပိုမိုနက်ရှိုင်းစွာဆောက်ရွက်နိုင်သည်ဟု ချီးကျူး

မဲခေါင်မြစ်ဝှမ်းမှာ ပန်းရနံ့သင်းပျံ့နေပါသည်။

ဇူလိုင်လ(၂)ရက်နေ့မှ(၃)ရက်နေ့အထိ (၂၀၁၈)ခုနှစ် လန်ချန်း-မဲခေါင်မြစ်ပူးပေါင်းဆောင်ရွက်ရေးမီဒီယာထိပ်သီးအစည်းအဝေးကို လာအိုနိုင်ငံမြို့တော်ဗီယင်ကျင်းမြို့တွင် ကျင်းပခဲ့ပါသည်။ ယခုအကြိမ် ထိပ်သီးအစည်းအဝေးကို တရုတ်ပြည်သူ့နေ့စဉ်သတင်းတိုက်နှင့် လာအိုသတင်းပြန်ကြားရေးယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ အတူတကွဦးဆောင်ကျင်းပခြင်းဖြစ်ပါသည်။တရုတ်၊လာအို၊ကမ္ဘောဒီးယား၊ထိုင်း၊ မြန်မာ၊ ဗီယက်နမ်စသည့် မဲခေါင်မြစ်ဝှမ်းနိုင်ငံ(၆)ခု၏ မီဒီယာလုပ်ငန်း(၄၀)မှ လူပုဂ္ဂိုလ်များစုဝေးကြကာ မီဒီယာအကြား ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရေး၊ ပြည်သူအချင်းချင်းစိတ်နှလုံးသားချင်းချိတ်ဆက်မှုပြုရေးစသည်တို့နှင့်ပတ်သက်ပြီး နက်ရှိုင်းစွာဆွေးနွေးကြကာ ကောင်းမွန်သည့်အကြံပြုချက်များစွာကို ထုတ်ဖော်နိုင်ခဲ့ကြပါသည်။

လူမှုရေးယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးသည် လန်မဲပူးပေါင်းဆောင်ရွက်မှု၏ မဏ္ဍိုင်(၃)ခုအနက် တစ်ခုဖြစ်ပါသည်။ တရုတ်ယဉ်ကျေးမှုနှင့်ခရီးသွားလာရေးဝန်ကြီးဌာနဒုတိယဝန်ကြီးလီကျင်းကျောင်က အဖွင့်အမှာစကားပြောကြားစဉ်ဖော်ပြသွားသည်မှာ "ယခုနှစ်ပိုင်း တရုတ်နိုင်ငံသည် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်(၅)နိုင်ငံအကြား လူမှုရေးယဉ်ကျေးမှုနှင့် ခရီးသွားပူးပေါင်းဆောင်ရွက်မှုကို အားသွန်ခွန်စိုက်ဆောင်ရွက်နေရာအားရဝမ်းသာသော တိုးတက်အောင်မြင်မှုများကိုလည်း ရရှိနိုင်ခဲ့ပါကြောင်း ပြောကြားသွားပါသည်။

လာအိုသတင်းပြန်ကြားရေးယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီးပေါ်ရှန်ခန်-ဖုန်တာလာက ပြောကြားသွားသည်မှာ "အစည်းအဝေးတက်ရောက်သည့် (၆)နိုင်ငံမှမီဒီယာသမားတို့သည် ထိပ်သီးအစည်းအဝေးဟူသည့် အဖိုးတန်အခွင့်အရေးကို အသုံးချပြီး အတူတကွညှိနှိုင်းတိုင်ပင်ခြင်း၊ အတူကတွဖွံ့ဖြိုးခြင်းတို့ကိုဆောင်ရွက်ကာ မီဒီယာအကြား ပူးပေါင်းဆောင်ရွက်မှုကို အဆက်မပြတ် ရှေ့သို့တိုးတက်စေရန် မျှော်လင့်ပါကြောင်း စသည်ဖြင့်ပြောကြားသွားပါသည်။

လန်မဲပူးပေါင်းဆောင်ရွက်မှုကို တွန်းတင်ခြင်းသည် တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်တင်ပြခဲ့သော အာရှတိုက်ကံကြမ္မာတူအသိုင်းအဝိုင်းတည်ဆောက်ရေးအဆိုပြုချက်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်းပင်ဖြစ်ပါကြောင်း၊ နှစ်နှစ်တာကာလအတွင်း လန်မဲ(၆)နိုင်ငံအကြား အခြေခံအဆောက်အအုံတည်ဆောက်ရေးအကြီးစားစီမံချက်နှင့် စက်မှုစီမံချက်(၂၀)ကျော်ကိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်သူအကျိုးပြုသည့် အလတ်စားနှင့်အငယ်စားပူးပေါင်းဆောင်ရွက်မှုစီမံချက်ရာချီကို အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ ပတ်ဝန်းကျင်နိုင်ငံများ၏ စီးပွားရေးလျင်မြန်စွာဖွံ့ဖြိုးတိုးတက်ရေးကို တွန်းအားပေးကြောင်း စသည်ဖြင့်ပြောကြားသွားပါသည်။

မြန်မာနိုင်ငံ ဓူဝံကြယ်ဂျာနယ်စာဆောင်၏အထွေထွေအယ်ဒီတာဦးဝင်းတင်ကပြောကြားသွားသည်မှာ "တရုတ်နိုင်ငံသည် မိမိကိုယ်ကိုဖွံ့ဖြိုးနေသည်နှင့်တပြိုင်နက်တည်း ပတ်ဝန်းကျင်နိုင်ငံများကိုလည်း ကူညီဆောင်ရွက်နေရာ နိုင်ငံကြီး၏ စတိုင်လ်ပေါ်လွင်လှပါကြောင်း၊ နိုင်ငံအသီးသီးမှမီဒီယာသမားများအနေနှင့်လည်း ပူးပေါင်းဆောင်ရွက်ခြင်း၏ အောင်မြင်မှုရလဒ်များကို တက်ကြွစွာကြော်ငြာကြရန်လိုအပ်ပါကြောင်း၊ လန်မဲပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေကာလန်မဲနိုင်ငံကံကြမ္မာတူအသိုင်းအဝိုင်းကို အတူတည်ဆောက်ကြစေလိုကြောင်း စသည်ဖြင့် ပြောကြားသွားပါသည်။

လန်မဲပူးပေါင်းဆောင်ရွက်ရေးသည် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" အဆိုပြုချက် ဆောင်ရွက်ရေးအတွက် အရေးပါသောပလက်ဖောင်းစင်မြင့်တစ်ခုဖြစ်နေပါသည်။ ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဦးစီးဌာနချုပ်ဒုတိယညွှန်ကြားရေးမှူးချုပ် ထာဆာနီ-ချိချားနီက မီဒီယာသမားများအနေနှင့် "ရပ်ဝန်းတစ်ခု၊ လမ်းကြောင်းတစ်ခု" ဆောင်ရွက်ရာတွင် အရေးကြီးသည့် အကျိုးသက်ရောက်မှုရှိသည်ကိုအကောင်းမြင်နေပါသည်။ "မီဒီယာပူးပေါင်းဆောင်ရွက်မှုက လန်မဲ(၆)နိုင်ငံရဲ့စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ရေအရင်းအမြစ်ပူးပေါင်းအသုံးချခြင်း၊ ခေတ်မီပုံစံစိုက်ပျိုးရေးလုပ်ဆောင်ခြင်းစတဲ့ ဘက်ပေါင်းစုံအတွက် စနစ်ကောင်းကို ထူထောင်ပေးနိုင်မယ်ဖြစ်ပါတယ်။ ဆင်းရဲနွမ်းပါးမှုလျှော့ချခြင်း၊ အတူတကွဖွံ့ဖြိုးတိုးတက်ခြင်းစတဲ့ပန်းတိုင်တွေကို ရောက်ရှိအောင် အကောင်အထည် ဖော်ဆောင်ပေးနိုင်မယ်။ ထိုင်းနိုင်ငံကလန်မဲပူးပေါင်းဆောင်ရွက်မှုကို ထောက်ခံပါတယ်။ ထိုင်းနိုင်ငံရဲ့(၄.၀)စီမံကိန်း၊ အရှေ့ပိုင်းစီးပွားရေးစင်္ကြံစတဲ့ ဖွံ့ဖြိုးမှုမဟာဗျူဟာနဲ့ တရုတ်နိုင်ငံရဲ့'ရပ်ဝန်းတစ်ခု၊လမ်းကြောင်းတစ်ခု'အဆိုပြုချက်နဲ့ ချိတ်ဆက်ပြီးအတူတူပူးပေါင်းဆောင်ရွက်တယ်၊ နိုင်ငံအသီးသီးအတွက်လည်း အတူအကျိုးဆောင်ပေးနိုင်မယ်"ဟု သူမကပြောကြားခဲ့သည်။

"လာအိုအမှတ်(၁)ဆက်သွယ်ရေးဂြိုဟ်တုမှာတရုတ်လာအိုနှစ်နိုင်ငံအကြားတည်ဆောက်ပြီးစီး၍ စီးပွားဖြစ်လည်ပတ်နေပြီဖြစ်သော ပထမဆုံးသိပ္ပံနည်းပညာအဆင့်မြင့် စီမံကိန်းတစ်ခုဖြစ်ပါသည်။ အဆိုပါဂြိုဟ်တုရုပ်သံလုပ်ငန်းသည် လာအိုပြည်တွင်းမှစ၍ပတ်ဝန်းကျင်နယ်မြေတစ်ခုလုံးသို့ တိုးချဲ့နိုင်ပြီဖြစ်ပါသည်။ တရုတ်-လာအိုနှင့်အာဆီယံနယ်မြေတစ်ခုလုံးသို့လူမှုရေးယဉ်ကျေးမှုနှီးနှောဖလှယ်ရေးအတွက် "ကောင်းကင်လမ်း"ကို ဖောက်လုပ်ထားနိုင်ခဲ့ပြီဖြစ်သည်။ "လာအိုအမှတ်(၁)ဂြိုဟ်တု"က မီဒီယာစွမ်းအားတည်ဆောက်ရေးလုပ်ငန်းအတွက် တက်ကြွတဲ့အခန်းကဏ္ဍမှာပါဝင်နေပြီဖြစ်တယ်။ လန်မဲနိုင်ငံတွေရဲ့ မီဒီယာပူးပေါင်းဆောင်ရွက်မှုအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများကို ထောက်ပံ့ပေးနေပါတယ်"ဟု လာအို အာရှပစိဖိတ်ဂြိုဟ်တုကုမ္ပဏီလီမိတက်၏အထွေထွေမန်နေဂျာ တင်ပင်းယုံးက သတင်းထောက်ကိုပြောကြားသွားပါသည်။





လန်မဲပူးပေါင်းဆောင်ရွက်ရေးသည် နိုင်ငံအသီးသီးတို့၏ လက်တွေ့လိုအပ်ချက်နှင့် လိုက်လျောညီထွေမှုရှိနေပါသည်။ လန်မဲပူးပေါင်းဆောင်ရွက်မှု စကြံတည်ဆောက်ရေးကို တွန်းပို့နိုင်ခဲ့ပါသည်။ လန်မဲပူးပေါင်းဆောင်ရွက်မှုအတွက် စင်မြင့်ကိုပံ့ပိုးပေးနိုင်ခဲ့ပါသည်။ မီဒီယာထိပ်သီးအစည်းအဝေး ကျင်းပရာတွင် အစည်းအဝေးတက်ရောက်လာသည့် ကိုယ်စားလှယ်များသည် မီဒီယာစောင့်ထိန်းရမည့်ကျင့်ဝတ်များနှင့်ဆန်းသစ်တီထွင်မှုများကို ဆွေးနွေးခဲ့ကြပါသည်။ လန်မဲပူးပေါင်းဆောင်ရွက်မှု၏ "ကဗျာဆန်ဆန်အနာဂတ်"ကို ရှာဖွေခဲ့ကြပါတော့သည်။

လန်မဲပူးပေါင်းဆောင်ရွက်မှု၏နက်ရှိုင်းမှုနှင့် ကျယ်ပြန့်မှုတစ်နေ့တစ်ခြားတိုးချဲ့လာသည်နှင့်အမျှ (၆)နိုင်ငံ၏ပူးပေါင်းဆောင်ရွက်မှုအကြောင်းအရာများ ပိုမိုများပြားလာနေကာရှေ့အလားအလာမှာလည်း ပိုမိုကျယ်ပြန့်လာနေပါသည်။ လာအို "ဗီယင်ကျင်းနေ့စဉ်သတင်းစာ" အထွေထွေအယ်ဒီတာ လော့ရှေ့ဆားဝမ့်က "အနာဂတ်ကိုမျှော်ကြည့်လျှင် လန်မဲ(၆)နိုင်ငံ၏ မီဒီယာသမားတို့သည် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကာ အပြန်အလှန်ဖြည့်ဖက်လုပ်ရန်လိုအပ်ပါကြောင်း၊ ခရီးသွားနယ်ပယ်မှာပူးပေါင်းဆောင်ရွက်မှု၏ အလားအလာမှာကျယ်ပြန့်လှပါကြောင်း၊ ကျွန်တော်တို့အနေနှင့် လှပသောခရီးသွားရှုခင်းသာနေရာနှင့် ဝန်ဆောင်မှုအားသာချက်များကို အပြန်အလှန်ကြော်ငြာပေးကြရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ခရီးသွားဧည့်သည်များအား ပိုမိုများပြားပြီးဆွဲဆောင်မှုရှိသော ခရီးသွားအတွေ့အကြုံများကိုပေးအပ်ကြရန် လိုပါကြောင်း၊ လန်မဲ၏ အလှတရားများကို ခံစားစေရမည်ဖြစ်ကြောင်း၊ ခရီးသွားဧည့်သည်အရေအတွက်ကိုတိုးမြင့်လာစေကာ ဒေသစီးပွားရေးလူမှုရေး ဖွံ့ဖြိုးတိုးတက်မှုကို တွန်းတင်နိုင်ကြမည်ဖြစ်ပါကြောင်း စသည်ဖြင့်ပြောကြားသွားပါသည်။

လန်မဲပူးပေါင်းဆောင်ရွက်မှုမှာ အဝေးသို့လျှောက်လှမ်းသွားပြီး အနာဂတ်ကိုပိုင်ဆိုင်ကြရာတွင် မီဒီယာသမားတို့၏ စောင့်ထိန်းခြင်းနှင့်ဆန်းသစ်တီထွင်ခြင်းတို့မှာ မရှိမဖြစ်လိုအပ်ပါသည်။ ဤသည်မှာ အစည်းအဝေးတက်ရောက်လာကြသည့် ကိုယ်စားလှယ်အားလုံးတို့၏ တူညီသည့်အမြင် ဖြစ်နေပါသည်။ "သတင်းရဲ့အမှန်အကန်ဖြစ်မှုမှာ မီဒီယာသမားများစောင့်ထိန်းရမယ့် နောက်ဆုံးမာဂျင်လိုင်းဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ရွှေသံလွင်သတင်း မီဒီယာအုပ်စုဒုတိယဥက္ကဋ္ဌ၊ ယနေ့ဒီမိုကရေစီသတင်းစာတိုက်တိုက်အုပ်ဖြစ်သူဦးကိုကိုက ပြောကြားခဲ့သည်။ "မီဒီယာခေတ်မှာ သတင်းအချက်အလက်တွေက များလွန်းပါတယ်။ ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်မှုကနေ အမှန်ကိုရှာ အတုအယောင်ကိုဖယ်ရှားရမှာဖြစ်ပါတယ်။ အမှန်အကန်မီဒီယာကိုအားပေးရင်း အဲဒီအခြေခံအပေါ်မှာ လန်မဲပူးပေါင်းဆောင်ရွက်မှုကို အဆင်ချောစွာ ရှေ့သို့ချီစေရမှာဖြစ်ပါတယ်။" ဟု သူကဆက်လက်ပြောကြားခဲ့သည်။

ကမ္ဘောဒီးယားမန်ကျီးသီးပင်သတင်းဝက်ဆိုက်၏အထွေထွေအယ်ဒီတာ စွေ-ဆော့ဖီက သတင်းထောက်များ၏မေးမြန်းခြင်းကိုခံယူစဉ် ပြောကြားသွားသည်မှာ "မီဒီယာထိပ်သီးအစည်းအဝေးတစ်ကြိမ်ထဲမှာ လန်မဲနိုင်ငံ(၆)နိုင်ငံရဲ့မီဒီယာသမားတွေစုဆုံခဲ့ရပါတယ်။ အဲဒါဟာ လန်မဲပူးပေါင်းဆောင်ရွက်မှုရဲ့ဆွဲဆောင်မှုစွမ်းပကားပါပဲ။ အခုဆိုရင်ကျွန်တော်တို့က စင်မြင့်ပလက်ဖောင်းကို တည်ဆောက်ခဲ့ကြပါပြီ။ ဖွဲ့ရှိရှိနဲ့ဆက်လုပ်သွားရင် မိမိတို့ရဲ့ဒေသမှအစကမ္ဘာတစ်ခုလုံးအတိုင်းအတာတစ်ခုအထိ လန်မဲမီဒီယာအသိုင်းအဝိုင်းကို ထူထောင်နိုင်မှာဖြစ်ရာ လန်မဲ(၆)နိုင်ငံမှပြည်သူလူထုကို ဝန်ဆောင်မှုပြုသွားမှာဖြစ်ပါတယ်။"

တစ်မြစ်တည်းကရေကိုအတူသောက်၊ ကံကြမ္မာက နီးကပ်စွာချိတ်ဆက်ထားလျက်ရှိနေ၊ လန်ချန်း-မဲခေါင်မြစ်ဝှမ်းတလျှောက်(၆)နိုင်ငံမှ မီဒီယာသမားများသည် အပြန်အလှန်လေ့လာအတုယူနေကြသည်။ ချစ်ကြည်ရေးကိုအပြန်အလှန်ဖော်ပြနေကြပါသည်။ ပူးပေါင်းဆောင်ရွက်ရေးကို တွန်းတင်နေကြပါသည်။ လန်မဲနိုင်ငံများကံကြမ္မာတူအသိုင်းအဝိုင်းကြီးအား တည်ဆောက်ခြင်းအတွက် မီဒီယာတို့၏ တမူထူးခြားသောအပြုအမူများဖြင့် တွန်းအားပေးစေပါတော့သည်။

ပြည်သူ့နေ့စဉ်သတင်းစာ